EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

အမှတ် (၂၆)၊ မတ် ၇ ရက်၊ ၂၀၁၇

## စည်းကမ်းပျက်လုပ်ငန်းများ အရေးယူနိုင်ရန် ကယားပြည်နယ် လွှတ်တော်မှ အစိုးရကိုတိုက်တွန်း

ဖေဖော်ဝါရီ ၂၇၊ ၂၀၁၇

နိုင်ငံတော်ဘဏ္ဍာသုံး တည်ဆောက်ရေးလုပ်ငန်းများမှ တင်ဒါစည်းကမ်းဖောက်ဖျက်ကာ အရည်အသွေးပြည့်ဝစွာ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် မလုပ်ဆောင်နိုင်သော ကုမ္ပဏီများ၊ ဝန်ထမ်းများကို ထိရောက်စွာ အရေးယူပေးရန် ကယားပြည်နယ်လွှတ်တော်က အဆိုတင်သွင်းကာ ပြည်နယ်အစိုးရသို့ တိုက်တွန်းလိုက်သည်။ ယင်းအဆိုကို ဦးစိုးရယ်(ဘောလခဲမဲဆန္ဒနယ်-၂) က တင်သွင်းခဲ့သည်။

လမ်း၊ တံတားများအပါအဝင် အခြားတည်ဆောက်ရေးလုပ်ငန်းပေါင်း ၁၂၂ ခု၏ အရည်အသွေးကို စိစစ်ရာတွင် သတ်မှတ်ထားသော အရည်အသွေးများ မပြည့်မီခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အားနည်းချက်ရှိကြောင်း ကယားပြည်နယ်လွှတ်တော်ပြည်သူ့ငွေစာရင်း လေ့လာစောင့်ကြည့်စစ်ဆေးရေးကော်မတီက တွေ့ရှိခဲ့ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းများအတွက် တာဝန်ယူမည့် အကြီးအကဲမရှိခြင်း၊ လုပ်ငန်းအတွက် အင်ဂျင်နီယာမပါဝင်ခြင်း၊ ဌာနမှ ကြီးကြပ်မှုအားနည်းခြင်းနှင့် လွှတ်တော်ကော်မတီ၏ တင်ပြချက်များကို အချို့သော ဝန်ကြီးဌာနမှ ဆောင်ရွက်မှုအားနည်းခြင်းများကို တွေ့ရှိရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



လုပ်ငန်းတင်ဒါများခေါ်ယူရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းအတိုင်း စာချုပ်ချုပ်ဆိုထားခြင်းဖြစ်ကာ စာချုပ်ပါအချက်များကိုလုပ်ငန်းလုပ်ကိုင်သူများက ဖောက်ဖျက်ပါက အမည်ပျက်စာရင်းသွင်းခြင်း၊ လာမည့်လုပ်ငန်းတင်ဒါများခေါ်ယူရာတွင် စည်းကမ်းဖျောက်ဖျက်ထားသော လုပ်ငန်းရှင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဟု ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက လွှတ်တော်အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးထားသည်။

အစိုးရမှ ကတိကဝတ်များကို တာဝန်ကျေပွန်အောင် အလေးထားဆောင်ရွက်ပါဟု လွှတ်တော်အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ထပ်မံတိုက်တွန်းထားသည်။

*(ကိုးကား - ကန္တရဝတီ http://burmese.bnionline.net/ မှ ကောက်နုတ်တင်ပြသည်)*

## သတင်းတို

■ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)ကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတ၏ ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း အမိန့်စာအား ပြည် နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးက ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍အသစ်ခန့်အပ်ထားခြင်းခံရသော လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက ကတိသစ္စာပြုခဲ့ကြောင်း သိရသည်။

*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

■ မန္တလေးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ် ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်၍ ယခုနှစ်မေလကုန်ပိုင်းတွင် ပြောင်းရွှေ့မည်ဖြစ်သည်။ နယ်ဝေးမှလွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေနိုင်ရေးအတွက် လွှတ်တော်အဆောက်အအုံသစ်၏ နောက်ကျောဘက်မြေလွတ်နေရာတွင် အဆောက်အအုံဆောက်လုပ်ခွင့်ရရှိရေးအတွက် လည်း အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ် အချို့ထံမှ သိရသည်။

*(ကိုးကား - The Voice Daily)*

# မွန်ပြည်နယ်စည်ပင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဖျက်သိမ်းရန်အဆို ပြည်နယ်လွှတ်တော်တွင် ကန့်ကွက်ခံရ

မတ် ၃၊ ၂၀၁၇

မွန်ပြည်နယ်တွင် လစ်လပ်နေသည့် ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအမည်ကို ဖျက်သိမ်းပြီး အခြားပြည်နယ်ဝန်ကြီးဌာန၌ ပူးတွဲထားရှိရန် မွန်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြမှုကို ပြည်နယ်လွှတ်တော်က ကန့်ကွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးဌာနများအနက် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဖျက်သိမ်းပြီး စည်ပင်သာယာရေးကို လျှပ်စစ်၊ စွမ်းအင်၊ စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးကို စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပူးတွဲထားရှိရန် ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ပြီး လွှတ်တော်ကအတည်ပြုပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခြင်းဖြစ်သည်။

ဦးထွန်းမင်းအောင်(ပေါင်မဲဆန္ဒနယ်-၁)က ယင်းအဆိုကိုကန့်ကွက်ပြီး လွှတ်တော်ဒု-ဥက္ကဋ္ဌဒေါက်တာအောင်နိုင်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း နိုင်ငံတော်သမ္မတထံ အကြံပြုချက်တောင်းခံပြီးမှသာ ဖွဲ့စည်းသင့်ကြောင်း အကြံပြုချက်ပေးခဲ့သည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးဝင်းနိုင်ဦးက စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် ထိတွေ့မှု၊ ဆက်ဆံမှုများသည့် ဝန်ကြီးဌာနဖြစ်ခြင်းကြောင့် ပြည်သူလူထုအကျိုး၊ နယ်မြေဒေသအကျိုး၊ လွှတ်တော်ပုံရိပ်နှင့် အစိုးရအဖွဲ့၏ ဂုဏ်သိက္ခာကို မထိခိုက်စေသည့်နည်းဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်ပေးခဲ့သည်။

ကန့်ကွက်မှုကြောင့် အဆိုကို မှတ်တမ်းတင်ခဲ့ပြီး သမ္မတညွှန်ကြားမှသာ ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၄၈ (က)၊ (ခ)၊ (ဂ) ပြဋ္ဌာန်းချက်များအရ ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်းသည် နိုင်ငံတော်သမ္မတက ပြုလုပ်နိုင်သည့်ကိစ္စဖြစ်ပြီး ထိုအဆိုကိုတင်သွင်းခဲ့သည့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် လွဲမှားနေကြောင်းနှင့် အဆိုကို သမ္မတထံမှ အကြောင်းကြားမှသာ အကောင်အထည်ဖော် လက်ခံမည်ဖြစ်ကြောင်း ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။

*(ကိုးကား- http://www.7daydaily.com/ မှ ကောက် နုတ်တင်ပြသည်။)*

## သတင်းဓာတ်ပုံ

မွန်ပြည်နယ်တွင် လစ်လပ်နေသည့် ဝန်ကြီးချုပ် နေရာတွင် ခန့်အပ်ခံရသည့် ဒေါက်တာအေးဇံ(ကျိုက်ထိုမဲဆန္ဒနယ်အမှတ်-၂) က မတ်လ ၁ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုနေစဉ်။i

*(ကိုးကား -Mon News Agency https://burmese.monnews.org/)*



# မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ တိုင်းဒေသကြီးအဆင့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

ဖေဖော်ဝါရီ ၂၇၊ ၂၀၁၇

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် မြိုင်မြို့နယ်၊ အင်းယောင်းကျေးရွာအုပ်စု၊ ယင်တိုင်တောင်ဆည်ပေါ်ရှိ ရပ်ရွာအခြေပြုခရီးသွားဂေဟာတွင် မကွေးတိုင်းဒေသကြီးအဆင့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးတာ၊ ဒုတိယဥက္ကဋ္ဌဦးဇော်မျိုးဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ Action Aid Myanmar မှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စုစုပေါင်း (၁၂၀)ဦး တက်ရောက်ခဲ့ကြပါသည်။




ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းတွင် ပြည်သူဦးစားပေးလုပ်ငန်းများ လျာထားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ရာ တက်ရောက်လာကြသူများမှ အပြန်အလှန်မေးမြန်းခြင်းနှင့် အကြံပြုချက်များ ရယူခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် Action Aid Myanmar မှ ကူညီပံ့ပိုးသော ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်နေပုံအဆင့်ဆင့်အား ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ လေ့လာကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

*(ကိုးကား - မကွေးတိုင်းဒေသကြီးလွှတ်တော် Facebook Page မှ ကောက်နုတ်တင်ပြသည်။)*

# ပဲခူးတိုင်းအစိုးရအဖွဲ့ကို တိုင်းလွှတ်တော်ဒု-ဥက္ကဋ္ဌ ဝေဖန်

မတ် ၄၊ ၂၀၁၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများအနေနှင့် အောက်ခြေဝန်ထမ်းများနှင့် ထိတွေ့မှုအားနည်းနေပြီး အစိုးရအဖွဲ့ကတိကဝတ်များဖြင့် လုပ်ဆောင်ရန် လိုအပ်နေကြောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးကြည်ဇင်က ဝေဖန်ခဲ့သည်။ မတ်လ ၃ ရက်နေ့က လူငယ့်ရိပ်မြုံဖြစ်မြောက်ရေးအလှူငွေပေးအပ်ပွဲသို့ တက်ရောက်လာစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြို့နယ်အဆင့်ရှိ ကိစ္စရပ်များကို ပဲခူးတိုင်းဒေသကြီး အစိုးရအဆင့်မှ ဝန်ကြီးတစ်ဦးဦးက ဌာနဆိုင်ရာအလိုက် အဆင့်ဆင့် အချက်အလက်ရယူရာတွင် အချက်အလက်များ လွဲချော်မှုများရှိနေကြောင်း၊ ယင်းအခြေအနေကြောင့် အောက်ခြေဝန်ထမ်းများနှင့် ထိစပ်မှုအားနည်းနေသည်ကို တွေ့ရကြောင်း ၎င်းက ရှင်းပြသည်။

"အစိုးရအဖွဲ့က ကတိကဝတ်ပေးထားပြီး လုပ်ဆောင်ပြီးတာ၊ မလုပ်ရသေးတဲ့ကိစ္စတွေ၊ ခွဲခြားသတ်မှတ်ပြီး လာမယ့်လွှတ်တော်မှာ ကတိကဝတ်ကော်မတီကနေ အဆိုတင်ဖို့ရှိတယ်"ဟု ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က ပြောဆိုသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မြို့နယ်တစ်ခုတွင် နှစ်ဦးစီရှိပြီး ပါတီရုံးများမှာလည်း ကျေးလက်အထိရှိသောကြောင့် လွှတ်တော်အနေနှင့် တင်ပြသည့် အချက်အလက်များ လွဲမလွဲသိနိုင်ကြောင်း ၎င်းကပြောကြားသည်။

"အစိုးရအဖွဲ့တွေက အောက်ခြေနဲ့ ထိတွေ့မှုနည်းတာကို လက်ခံပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်ကတော့ ကိုယ့်ဒေသအလိုက် လုပ်စရာတွေတင်ပြတယ်၊ အစိုးရအနေနဲ့ကတော့ ရတဲ့ဘတ်ဂျက်ပေါ်မူတည်ပြီး ဒေသအလိုက် ခွဲဝေပေးရတာရှိတယ်၊ လွှတ်တော်ကိုယ်စားလှယ်က ဒေသအတွက် တောင်းတယ်၊ အစိုးရက မျှတတဲ့အချိုးနဲ့ ဘဏ္ဍာငွေခွဲပေးရတော့ မလောက်ဘူး၊ လွှတ်တော်နဲ့တိုင်းအစိုးရကြားပွတ်တိုက်မှုလေးတွေရှိတယ်" ဟု ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွှန့်ရွှေက ပြောသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*